လောကမှာ ကောင်းတယ် ဆိုးတယ် ဆိုတာ မရှိဘူး၊
ကောင်းတယ် ဆိုးတယ်လို့ တွေးတဲ့အတွေးသာ ရှိတယ်။

■ **ဝီလျံရှိတ်စပီးယား**

---

ယုံကြည်မှု၊ သို့မဟုတ် ပိုင်းဖြတ်မှုဆိုတာ မရှိဘဲ
ကြီးမြတ်တဲ့ သတ္တိဆိုတာ ထွက်ပေါ်မလာဘူး။ တိုက်ပွဲရဲ့တစ်ဝက်က
ငါ တာဝန်ယူထားတဲ့ အလုပ်ကို ငါ လုပ်နိုင်တယ်ဆိုတဲ့
ယုံကြည်ချက်မှာ တည်တယ်။

■ **အော်ရစ်ဆင်ဆွက်မာဒင်**

---

ယုံကြည်မှုဆိုတာ ဘယ်ကမှ ထွက်ပေါ်လာတာ မဟုတ်ပါဘူး။
အဲဒါက တစ်စုံတစ်ခုရဲ့ အကျိုးဆက်ရလဒ် ဖြစ်ပါတယ်။
နာရီပေါင်း၊ ရက်ပေါင်း၊ ရက်သတ္တပတ်ပေါင်း၊ လပေါင်း၊
နှစ်ပေါင်းများစွာသော အဆက်မပြတ်တဲ့ ပိုင်းဖြတ်ချက်ခိုင်မာတဲ့
ကြိုးစားအားထုတ် လုပ်ဆောင်မှုရဲ့ အကျိုးဆက်ရလဒ် ဖြစ်ပါတယ်..။

■ **ရော်ဂျာစတူးဘေး**

---

လူတစ်ယောက်ရဲ့ ဘဝအရည်အသွေးက သူ ဘယ်နယ်ပယ်ကိုပဲ
ရွေးချယ်သည်ဖြစ်စေ အဲဒီနယ်ပယ်မှာ အကောင်းဆုံးဖြစ်အောင်
လုပ်မယ်ဆိုတဲ့ သူ့ရဲ့ သန္နိဋ္ဌာန်နဲ့ တိုက်ရိုက်အချိုး ဆက်စပ်နေတယ်။

■ **ဗင့်စ်လွမ်ဘာဒီ**

---

အရေးကြီးဆုံးကတော့ ကျိုးကြောင်းဆီလျော် ညီညွတ်ပြီး
အသုံးဝင်မှု ရည်ရွယ်ချက်ရှိတဲ့ ပစ်မှတ်တစ်ခုတည်းပဲ ထားပါ။ ပြီးရင်
အဲဒီပစ်မှတ်ကို သင့်မှာရှိသမျှ စွမ်းအင်အားလုံးသုံးပြီး ထိအောင် ပစ်ပါ။

■ **ဂျိမ်းစ်အယ်လင်**